ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အမ်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဒါးလက်ကျေးရွာအုပ်စု၊ နန်းရာကုန်းကျေးရွာ

၂၀၁၇ခုနှစ် အမ်းမြို့

# မာတိကာ


| | |
|---|---|
| ၁။ မြို့နယ်မြေပုံ | ၁ |
| ၂။ ကျေးရွာအုပ်စုမြေပုံ | ၂ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄။ ကျေးရွာအခြေခံအချက်အလက်များ | ၄ |
| ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) ဇယား။ | ၆ |
| ၆။ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ | ၈ |
| ၇။ ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ရာသီခွင်ပြဇယားပုံ | ၁၁ |
| ၉။ ရာသီခွင်ပြဇယားပုံသုံးသပ်ချက် | ၁၂ |
| ၁၀။ ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယား | ၁၃ |
| ၁၁။ ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ ပြဿနာသစ်ပင်ပြပုံ | ၁၅ |
| ၁၃။ ပြဿနာသစ်ပင်ပြပုံသုံးသပ်ချက် | ၁၆ |
| ၁၄။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယား | ၁၇ |
| ၁၅။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယားသုံးသပ်ချက် | ၁၈ |
| ၁၆။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယား | ၁၉ |
| ၁၇။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယားသုံးသပ်ချက် | ၂၀ |
| ၁၈။ ပင့်ကူအိမ်ကွန်ယက်ဇယား | ၂၁ |
| ၁၉။ ပင့်ကူအိမ်ကွန်ယက်ဇယားသုံးသပ်ချက် | ၂၂ |
| ၂၀။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၃ |
| ၂၁။ ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၄ |
| ၂၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |


၂၄။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ၃၁

၂၅။ အစည်းအဝေးမှတ်တမ်းများ ၃၄

၂၆။ ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၄၂


၂၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု ( Check List) ၄၃

# ၁။ အမ်းမြို့နယ်မြေပုံ



အမ်းမြို့နယ်ကျေးရွာအုပ်စု၊ ကျေးရွာအညွှန်းပြမြေပုံ
စေတုတ္တရာမြို့နယ်
မင်းပြားမြို့နယ်
ငဖဲမြို့နယ်
မြေပုံမြို့နယ်
စစ်တွေသို့
မင်းဘူးသို့
မင်းတုန်းမြို့နယ်
အမ်းမြို့
မအီမြို့နယ်ခွဲ
မအီသို့
ကျောက်ဖြူမြို့နယ်
ရမ်းဗြဲမြို့နယ်
ရခိုင်/ ဗမာလူမျိုးများ
ခုန်းတူ/ လောက်တူချင်းလူမျိုးများ
အချို့ချင်းလူမျိုးများ

၂။ ဒါးလက်အုပ်စုမြေပုံ



## ၃။ ဒါးလက်အုပ်စုရှိကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | ဒါးလက် | လုံးတုံ | ကျောက်ဆင် |
| | | ဝင်ဝ | ပင်းဖျား |
| | | ညောင်ချောင်း | ဖားပြို |
| | | နေပစေး | ကျောက်ကြီး |
| | | ဘွေးဝ | ကွမ်းဝ(ဒါးလက်) |
| | | ပေါင်းဝ | ဇရပ်ကွင်း |
| | | မော်စွန်း | လိပ်ကုန်း |
| | | ကွမ်းဝ (အေးချောင်း) | ကြောဝ |
| | | သဖန်းပင် | အရိုးတောင် |
| | | ဖုံသီး | အောက်ရွာဟောင်း |
| | | နန်းရာကုန်း | အထက်ရွာဟောင်း |
| | | ငုတ်ဝ | ကွေ့ရှည် |
| | | အမ်းပြ | အလယ်ကျွန်း |
| | | ကံလက် | တောင်ရွာ |
| | | သက်နက်အိုင် | အလယ်ရွာ |
| | | သဘော်မှောက် | မြောက်ရွာ |
| | | ရှမ်းကုန်း | မီးချောင်း |
| | | အနောက်ရွာ | နှမ်းချောင်း |
| | | မင်္ဂလာဒုံ | ညောင်ပင်ကွင်း |
| | | နတ်မော် | |

## ၄။ ကျေးရွာအခြေခံအချက်အလက်

### (၁) ကျေးရွာသမိုင်းအကျဉ်း

နန်းရာကုန်းကျေးရွာသည် ယခင်နှစ်ပေါင်းများစွာကပင် စုစည်းနေထိုင်လာခဲ့ကြပါသည်။ ဟိုယခင်က မင်းတုန်းမင်းသည် ရန်သူအပေါင်းတို့၏ ဘေးရန်မှ ရှောင်တိမ်းနိုင်ရန် ကျေးရွာ၏အနီးနား တောင်ကုန်းပေါ်တွင် ယာယီနန်းဆောင် တည်ဆောက်၍ ခိုလှုံနေထိုင်ရာမှ နောင်ကျေးရွာ တည်ထောင်ခဲ့ချိန်တွင် နန်းရာကုန်းကျေးရွာဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပါသည်။ နန်းရာကုန်းကျေးရွာတွင် ၁၉၇၀ ခုနှစ်အချိန်မှစ၍ ဒါးလက်ချောင်းဒေသ အဖျက်သမားသောင်းကျန်းသူ ရှောင်စုံသူပုန်များ၏ အန္တရာယ်ကြောင့် ဒါးလက်ချောင်းတွင်အေးချမ်းစွာ နေထိုင်နိုင်ခြင်းမရှိပေ။ ၁၉၈၂ ခုနှစ်နောက်ပိုင်း အစိုးရမှ ဒါးလက်ချောင်းတစ်လျှောက် လုံခြုံရေးတိုးမြှင့်လာပြီးနောက်ပိုင်း အေးချမ်းစွာ အသက်မွေးဝမ်းကြောင်းပြု နေထိုင်နိုင်လာခဲ့ကြပါသည်။ ဘုန်းတော်ကြီးကျောင်းကိုလည်း တည်ထားကိုးကွယ် ထားကြပါသည်။ ယခုအခါ အိမ်ထောင်စု(၄၈) အိမ်ထောင်စု၊ လူဦးရေ(၂၃၅)ဦးတို့ စုစည်းနေထိုင်ကြပါသည်။

ထို့နောက်ပိုင်းတွင် ကျေးရွာမှ ကလေးငယ်များအတွက် မူလတန်းပညာကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် သင်ကြားနိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးသိန်းဆွေနှင့် အရေးကြီးပုဂ္ဂိုလ်များ ဒါးလက်ချောင်းတွင်း ကျေးရွာများသို့ ရောက်ရှိလာကာ ကျေးရွာပညာရေးလက်လှမ်းမှီ ရှိစေရန် တရားဝင်မူလတန်းကျောင်းအား ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ် နိုင်ခဲ့ပါသည်။

### (၂) ထူးခြားဖြစ်စဉ်

(၂၀၀၉၊ ၂၀၁၀)ခုနှစ်အထိ ဝါးရှားပါးပြီး ကြွက်များအန္တရာယ်ကြောင့် စပါးခင်းများပျက်စီးပြီး စားဝတ်နေရေး ခက်ခဲခဲ့ပါသည်။ (၂၀၁၅)ခုနှစ်တွင် ရေကြီး၍ ရွာမြုပ်ပြီး အိမ်ခြေ(၃)အိမ်ခန့် ဆုံးရှုံးခဲ့ရသည်။

## (၃)လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
| --- | --- | --- | --- | --- |
| ရခိုင် | ၁ | ၁ | - | ၁ |

## (၄)ထိခိုက်လွယ်အုပ်စုများ

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
| --- | --- | --- | --- | --- |
| မရှိ | ၁ | ၁ | - | ၁ |

## (၅)အဓိကစီးပွားရေးလုပ်ငန်း

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
| --- | --- | --- | --- |
| စပါး | ကြက် | ဝါးခုတ်ခြင်း | |
| နှမ်း | ဝက် | ဖရဲခင်းစိုက်ခြင်း | |
| မြေပဲ | | ဖျာရက်လုပ်ခြင်း | |
| ပြောင်း | | | |

## (၆) ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | လယ် | ကိုင်း | တောင်ယာ | စားကျက်မြေ | နှစ်ရှည်စိုက်ခင်း | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း/စိမ့် စမ်းရေသွယ် | ချောင်း ရေသောက်သုံးမှု |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| အရေအတွက် | မရှိ | ၂၀ | ၃၀ | မရှိ | ၁၃ | ရှိ | မရှိ | မရှိ | ရှိ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | ဆိုင်ကယ် | စက်လှေ | စပါးကြိတ် စက် | ဈေးဆိုင် | မီးစက် | | |
| အရေအတွက် | မရှိ | မရှိ | မရှိ | ၈ | မရှိ | ၂ | ၁ | | |

## (၇) ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ကျွဲ | နွား | ကြက် | ဝက် | ဆိတ် | လုပ်သား | ကျွမ်းကျင်လုပ်သား |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| အရေအတွက် | မရှိ | မရှိ | မရှိ | မရှိ | ၁၅၇ | ၃၀ | မရှိ | ၃၇ | ၁ |

## (၈) ကျေးရွာရှိအသုံးပြုနိုင်သောအရင်းအမြစ်/ အချက်အလက်များ


| အရင်းအမြစ် | ဆေးရုံ/ဆေးခန်း | အ.မ.က/အ.လ.က/အ.ထ.က | ဈေး | မြေတူးစက် | လမ်းကြိတ်စက် | မြေသယ်ကား | ကွန်ကရစ် ဖျော်စက် |
| --- | --- | --- | --- | --- | --- | --- | --- |
| အရေအတွက် | ရှိ | အ.မ.က | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

၅။ လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၃.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၄ | ၅ | ၉ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊လယ်မြေ၊စိုက်ခင်း၊ဘုရား၊ပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့ါသည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၃.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၃ | ၄ | ၇ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စိုက်ပျိုးချိန် ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲ တော်များ၊ ကျေးရွာမှ လူများဝင်ငွေ ရရှိမှုအခြေအနေများကို ကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြ သည်။ |
| ၃ | ကျေးရွာ၏ဦးစားပေး အစီအစဉ်ပြဇယား (Metric Ranking) | ၃.၁.၂၀၁၇ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၁၈ | ၂၀ | ၃၈ | ကျေးရွာသူကျေးရွာသားများ ၏ ကျေးရွာအတွက် အဓိက လိုအပ်သောစီမံကိန်းလုပ်ငန်း ခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | ပြဿနာသစ်ပင် ( Problem Tree) | ၃.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ၊ | ၆ | ၃ | ၉ | ကျေးရွာသူအများစုရွေးချယ်ခဲ့သောစီမံကိန်းလုပ်ငန်းခွဲ၏ကျိုး ကြောင်းဆက်စပ်မှုများကို ပြဿနာသစ်ပင်ဖြင့်စိစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၃.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ ကျေးရွာအုပ် ချုပ်ရေးအဖွဲ့ဝင်များ | ၄ | ၅ | ၉ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ် ခြင်း ( Wealth Ranking) | ၃.၁.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၆ | ၃ | ၉ | ကျေးရွာအတွင်းရှိ လူများအကြားငွေကြေးပစ္စည်းဉစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေ ရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစားခဲ့ကြသည်။ |
| ၇ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၃.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၄ | ၄ | ၈ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူး အခွင့်အရေး၊ ပညာ သင်ကြားနိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များတစ်ခုချင်းစီအတွက်သုံးသပ်ချက်များ



## ၇။ ဒါးလက်အုပ်စု၊ နန်းရာကုန်းကျေးရွာမြေပုံသုံးသပ်ချက်


| တည်နေရာ။ | လောင်ဂျီတွဒ် ၉၃.၈၈ | လဒ်တီတွဒ်- ၂ဝ.ဝ၉ |
|---|---|---|

နန်းရာကုန်းကျေးရွာ၏ မြေပုံဖြစ်သော သဘာဝအရင်းအမြစ်ပြမြေပုံနှင့် လူနေထိုင်မှုပြမြေပုံတို့ကို ဦးမောင်တင်အေးခေါင်းဆောင်သော အမျိုးသား(၈)ဦးအဖွဲ့နှင့် ဒေါ်စုခိုင်ခေါင်းဆောင်သော အမျိုးသမီး(၇)ဦး အဖွဲ့တို့က (၁၄.၁.၂ဝ၁၆)ရက်နေ့တွင် ရွာဦးဘုန်းကြီးကျောင်း၌ ဆွေးနွေးရေးဆွဲကြပါသည်။

နန်းရာကုန်းကျေးရွာသည် ရခိုင်ရိုးမတွင် မြစ်ဖျားခံသော ဒါးလက်ချောင်း၏ ကမ်းနံဘေးတွင်တည်ရှိသောကြောင့် ရေလမ်းခရီးတစ်ခုတည်းဖြင့် သွားလာနိုင်ပါသည်။ မိုးရာသတွင် သွားလာရအလွန်ခက်ခဲပါသည်။ ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်း၊ ဝါးခုတ်ခြင်းလုပ်ငန်းများ ဖြစ်ပါသည်။ ချောင်းကမ်းပါး တစ်လျှောက်တွင် ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြပါသည်။

| | |
|---|---|
| အဖြစ်များသောရောဂါ | ငှက်ဖျား၊ ဝမ်းရောဂါ |
| အိမ်သာသုံးစွဲမှု၊ ယင်လုံအိမ်သာသုံးစွဲမှု | မရှိ |
| ကြုံတွေ့ရသော သဘာဝသေးအန္တရာယ် | ရေဘေး |
| စာသင်ကျောင်း၊ ဆေးပေးခန်း၊ | စာသင်ကျောင်းရှိ၊ ဆေးပေးခန်းမရှိ |
| ကျောင်းသားအရေအတွက် | (၄၈)ဦး |
| တက္ကသိုလ်ဝင်တန်းအောင် - | မရှိ |
| ကျေးရွာတွင်အဓိကကြုံတွေ့နေရသောအခက်အခဲ - | သောက်သုံးရေရရှိမှု အခက်အခဲကြုံတွေ့နေရ |

## ၈။ ရာသီခွင်ပြဇယား



## ၉။ ရာသီခွင်ပြဇယားသုံးသပ်ချက်

နန်းရာကုန်းကျေးရွာ၏ ရာသီခွင်ပြဇယားကို (၁၄.၁.၂၀၁၆)ရက်နေ့တွင် ဦးမောင်တင်အေး၏ ဦးဆောင်မှုဖြင့် အမျိုးသား၊ အမျိုးသမီး(၉)ဦးတို့က ရွာဦးဘုန်းကြီးကျောင်း၌ ဆွေးနွေးရေးဆွဲခဲ့ကြသည်။ ရာသီခွင်ပြဇယားကို ကြည့်ခြင်းအားဖြင့် နန်းရာကုန်းကျေးရွာသူ၊ ကျေးရွာသားများ၏ မွေးမြူရေးနှင့်ပတ်သက်ပြီး အိမ်မွေး အဆင့်သာမွေးမြူနိုင်ခြင်း၊ ရာသီအလိုက်ပွဲတော်များ အနည်းငယ်ကျင်းပနိုင်ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ ငှက်ဖျားရောဂါနှင့် ရာသီအပြောင်းအလဲကာလတွင် ဝမ်းရောဂါဖြစ်ခြင်း၊ တုတ်ကွေးရောဂါများဖြစ်ခြင်း စသည်တို့ကို ဖော်ပြထားသည်။ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ တောင်ယာနှင့် ဝါးခုတ်ခြင်း၊ ကိုင်းလုပ်ငန်းကို အနည်းငယ်ပြုလုပ်ခြင်း စသည်တို့အပြင် ကျေးရွာသူ၊ ကျေးရွာသားများ၏ အားလပ်ချိန်နှင့် အလုပ်များချိန်တို့ကို သုံးသပ်တွေ့ရှိနိုင်သည်။

## ၁၀။ ကျေးရွာဦးစားပေးအစီအစဉ်ဇယား

